# ဆာယိုနာရာ

## သင်းဇော်

| ပျော့ရှိန်ဝင်း |

ဇာတ်လမ်း နောက်ခံပြုထားသည်က ဒုတိယကမ္ဘာစစ်မပြီးခင် ကိုရီးယားစစ်ပွဲကြီး စတင်ခါစက ဂျပန်ပြည်။ ဇာတ်လမ်းကတော့ ထုံးစံအတိုင်း မျက်နှာဖြူအရှင်သခင်များနှင့် တိုင်းရင်းသူကလေးတို့ ကြိုက်ကြသည့်အကြောင်း။ သို့သော် အမှန်တရားကို မြတ်နိုးဟန်ရှိသော စာရေးဆရာက အများအပြားသော မျက်နှာဖြူစာရေးဆရာအချို့လို အရှေ့တိုင်းကို အရိုင်းအစိုင်းဟု မမြင်။ ယဉ်ကျေးမှုနှစ်ရပ်ကို သိမ်မွေ့စွာဖြင့် သူက နှိုင်းယှဉ်ပြရင်း မည်သူသည် အရိုင်းလဲ၊ မည်သူသည် အယဉ်လဲ ဆိုသည်ကို စာဖတ်သူက တစေ့စေ့တွေးပြီး မြင်လာစေရန် တင်ပြထားပုံမှာ အနုပညာမြောက်လှသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ကိုရီးယားတော်လှန်ရေးစစ်ပွဲကြီး စတင်သောအခါ အမေရိကန် စစ်တပ်တွေက ဂျပန်မြေပေါ်သို့ ဒုတိယအကြိမ် ရောက်လာပြန်သည်။ သူတို့သည် ပထမအကြိမ်ကကဲ့သို့ အောင်နိုင်သူ အရှင်သခင်များသဖွယ် ပြုကျင့်ကြသည်။

ဂျပန်မလေးတွေကို ပြည့်တန်ဆာအဖြစ် သူလူမျိုး၊ သူစစ်သားတွေအတွက် အသုံးချစေခဲ့သော်လည်း သူ့ စစ်သားတွေက ဂျပန်မလေးတွေကို လူလိုသူလို ဆက်ဆံပြီး လူလိုသူလို လက်ထပ်ယူသောအခါတွင်မူ အရှင်သခင် လူဖြူကြီးတို့ ဒေါသူပုန်ထလေတော့သည်။

ယဉ်ကျေးမြင့်မြတ်သော၊ အရှင်သခင်ဖြစ်သော မိမိတို့လူမျိုး၏ ဂုဏ်ကျက်သရေကို ထိခိုက်စေသည်ဟုဆိုကာ အမျိုးမျိုးသော အဆီးအတား အနှောင့်အယှက်များ ပေးခဲ့ကြသည်။

ဤအခြေအနေကို နောက်ခံပြုကာ စာရေးသူက သူဇာတ်လမ်းကို ဖွဲ့ထားပါသည်။

အမေရိကန်လူဖြူများ၏ မောက်မာထောင်လွှားမှု၊ အသားမဖြူသူမှန်သမျှကို လူမထင်မှုများကို သူက သိမ်သိမ်မွေ့မွေ့ လှောင်ပြောင်သရော်ထားသည်။ ကိုရီးယားကျူးကျော်စစ်ပွဲကြီးကို ထောက်ခံအားပေးခဲ့သော ရလဒ်အဖြစ် ဂျပန်မြေပေါ်တွင် ဂျပန်လူမျိုးတွေ ဘယ်လို အစော်ကားခံနေရသည်ဆိုခြင်းကို သူက တင်ပြသည်။